နောက်ဆက်တွဲ (က)

## East-West Seed (Myanmar) Co., Ltd ၏ မျိုးစေ့သိုလှောင်၊ ထုပ်ပိုးခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ East-West Seed (Myanmar) Co., Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ဇုန် (၂)၊ ကြာအင်းအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ်-၉၇ဖ၊ မြေကွက်အမှတ် (၉၄၇-အေ) တွင် ဆောင်ရွက်မည့် မျိုးစေ့သိုလှောင်၊ ထုပ်ပိုးခြင်းလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ (ရန်ကုန်) ၏၁၉-၃-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၀၀၁/MIC(OSS)/၀၆(၄၆/၁၉) ဖြင့် အပြီးသတ်တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** U Naing Win Aung ၊ No. 10 (B-1), Thukhawati Street, Yankin Township, Yangon Region၊ ဖုန်း 09- 43142060 ၊ East-West Seed (Myanmar) Co., Ltd ဖြစ်ပါသည်။

၃။ **စီမံကိန်း၏ အစိတ်အပိုင်းများ။** စီမံကိန်း၏ အဓိကလုပ်ငန်းမှာ ထိုင်း၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံများတွင် နည်းပညာဖြင့်ထုတ်လုပ်ထားသော ဟင်းသီးဟင်းရွက်အမျိုး (၃၀) တင်သွင်း၍ မျိုးစေ့များကို ဈေးကွက်အတွင်း ပြန်ထုပ်ပိုးပြီး နိုင်ငံခြား (၃၀) ရာခိုင်နှုန်းနှင့် ပြည်တွင်း (၇၀) ရာခိုင်နှုန်း ရောင်းချမည်ဖြစ်ပါသည်။ စီမံကိန်းလည်ပတ်စဉ်တွင် မတူညီသော မျိုးစေ့ထုတ်လုပ်မှုမှာ တစ်ရက်လျှင် ၂၀၀ ကီလိုဂရမ်နှင့် နှစ်စဉ် ခန့်မှန်းထုတ်လုပ်မှုမှာ ၆၀,၈၄၀ ကီလိုဂရမ် ထုတ်လုပ်မည်ဖြစ်ပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းများ။** စီမံကိန်း၏ အဓိကလုပ်ငန်းမှာ ထိုင်း၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံများတွင် နည်းပညာဖြင့်ထုတ်လုပ်ထားသော ဟင်းသီးဟင်းရွက်အမျိုး (၃၀) တင်သွင်း၍ မျိုးစေ့များကို ဈေးကွက်အတွင်း ပြန်ထုပ်ပိုးပြီး နိုင်ငံခြား (၃၀) ရာခိုင်နှုန်းနှင့် ပြည်တွင်း (၇၀) ရာခိုင်နှုန်း ရောင်းချမည်ဖြစ်ပြီး စီမံကိန်းအတွက် လိုအပ်သောရေကို ကိုယ်ပိုင်အဝီစိတွင်းမှ ရယူသုံးစွဲပါသည်။ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် လျှပ်စစ်ဓာတ်အားပေးဝေရေးမှ လျှပ်စစ်မီးကို ရရှိပြီး 80KVA ရှိသည့် အရန်မီးစက်တစ်လုံး တပ်ဆင်ထားပါသည်။ စီမံကိန်းအတွက် လိုအပ်သော စက်ယန္တရားများနှင့် ကိရိယာတန်ဆာပလာများကို ပြည်ပမှတင်းသွင်းပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ဇုန် (၂)၊ ကြာအင်းအုပ်စု၊ မြေတိုင်း ရပ်ကွက်အမှတ်-၉၇ဖ၊ မြေကွက်အမှတ် (၉၄၇-အေ) တွင်တည်ရှိပါသည်။

(၆) အင်ဂျင်နှင့် အခြားစက်များကို ပုံမှန်စစ်ဆေးရန်၊ အင်ဂျင်များမှ မီးခိုးထွက်ရှိမှုကို လျှော့ချရန် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်သော ကိရိယာများနှင့် ဆာလဖာနည်းသော လောင်စာဆီကို အသုံးပြုရန်နှင့် လေထုညစ်ညမ်းမှုကို ထိန်းချုပ်သည့် ကိရိယာများကို တပ်ဆင်အသုံးပြုရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေဆိုးစွန့်ပစ်မှုနှင့် စီမံခန့်ခွဲမှုတို့ကို စီမံချက်ချဆောင်ရွက်၍ ရေဆိုးစွန့်ပစ်မှု လျှော့ချရေးတို့ကို စီစဥ်ဆောင်ရွက်ရန်၊

(၂) National Environmental Quality လမ်းညွှန်ချက်များကို လိုက်နာရန်၊

(၃) စွန့်ပစ်ရေများ ကိုင်တွယ်ခြင်းနှင့် ရေကိုအကျိုးရှိစွာ သုံးစွဲနိုင်ရန်အတွက် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရန်၊

(၄) ရေသန့်စင်မှုနှင့် စွန့်ပစ်ခြင်းအတွက် သင့်လျော်သော စွန့်ပစ်ရေကန်များနှင့် မိလ္လာကန်များကို ဆောက်လုပ်ရန်၊

(၅) စွန့်ပစ်ဆီများကို သေချာစွာစုဆောင်း၍ ရေိယာအတွင်း သို့မဟုတ် ခွင့်ပြုထားသော စွန့်ပစ်နေရာများတွင် စနစ်တကျ စွန့်ပစ်ရန်၊

(၆) နေ့စဥ် သို့မဟုတ် အပတ်စဥ် ရေသုံးစွဲမှုကို စစ်ဆေးပြီး စောင့်ကြပ်ကြည့်ရှုရန်၊

(၇) ရေလှောင်ကန်များနှင့် ပိုက်များကို ပုံမှန်စစ်ဆေး၍ ရေယိုစိမ့်မှုရှိပါက ပြုပြင်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံကို သတ်မှတ်ချက်များထက် မကျော်လွန်စေရန် National Environmental Quality လမ်းညွှန်ချက်များကို လိုက်နာရန်၊

(၂) ဆူညံသံနှင့် တုန်ခါမှုနည်းသော ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သည့် စက်ပစ္စည်းများကို အသုံးပြုရန်၊

(၃) အလုပ်ချိန်အတွင်း ဆူညံသံထွက်ရှိမှုကို ထိန်းချုပ်ဆောင်ရွက်ရန်၊

(၄) တုန်ခါမှုကိုလျှော့နည်းစေသော ကိရိယာများ (vibration insulator) တပ်ဆင်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်ပုံးများကို သင့်လျော်သောနေရာတွင် ထားရှိ၍ စနစ်တကျ စွန့်ပစ်ရန်၊

(၂) ပြန်လည်အသုံးပြုနိုင်သောအမှိုက်နှင့် စွန့်ပစ်ရန်လိုအပ်သောအမှိုက်ဟူ၍ အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်ရန်၊

(၃) မျိုးစေ့များထုတ်လုပ်ရာမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသောနေရာများတွင် စနစ်တကျစွန့်ပစ်ရန်။

(ဆ) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်တွင် မတော်တဆမှုမဖြစ်စေရန် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်ကို ဖန်တီးဆောင်ရွက်ရန်၊

(၂) လုပ်ငန်းမစတင်မီတွင် ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ရန်၊

(၃) ၁၉၇၄ ခုနှစ် စက်ရုံဥပဒေ၊ မြန်မာနိုင်ငံ အလုပ်သမားဥပဒေ၊ ၂၀၁၆ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ၊ ၂၀၁၂ နှင့် ၁၉၂၃ အလုပ်သမား လျော်ကြေးပေးရေးဥပဒေတို့ကို လိုက်နာဆောင်ရွက်ရန်၊

(၄) ဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ စက်ပစ္စည်းကိရိယာများ ကိုင်တွယ်ခြင်းနှင့် လည်ပတ်ခြင်း၊ ဓာတုပစ္စည်းများ ကိုင်တွယ်ခြင်းနှင့် အသုံးချခြင်းအတွက် ပညာပေးခြင်း၊ လေ့ကျင့်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ဆောင်ရွက်ရန်၊

(၅) လိုအပ်ပါက လုံလောက်သော PPEs ဝတ်စုံများ (ဘွတ်ဖိနပ်၊ ဦးထုပ်ဆောင်း၊ လက်အိတ်၊ မျက်နှာဖုံး၊ မျက်မှန်၊ နားကပ်စသည်) တို့ကို ထောက်ပံ့ပေးရန်၊

(၆) မီးသတ်ဆေးဗူး၊ မီးသတ်ကိရိယာများနှင့် အခြားဆက်စပ်ပစ္စည်းများကို လုံလောက်စွာ ထားရှိကာ မီးငြိမ်းသတ်ရန်အတွက် ရေစည်အမြဲပြည့်နေအောင် ထားရှိရန်။

(ဇ) ယာဉ်သွားလာမှုနှင့် သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှု။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအတွင်းဝင်ရောက်လမ်းနှင့် လမ်းဆုံများတွင် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် စီမံဆောင်ရွက်ရန်နှင့် ယာဉ်သွားလာမှုနှုန်းများကို ကန့်သတ်ထားရှိရန်၊

(၂) ဝန်ထမ်းများအား ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ခြင်း သို့မဟုတ် မော်တော်ဆိုင်ကယ်စီးနင်းခြင်း၊ အရှိန်လျှော့မောင်းနှင်ခြင်း သို့မဟုတ် မောင်း

